www.burmeseclassic.com

# သူတို့မသာ

ထင်ကြီး

လူချမ်းသာတို့၏ မသာသည် စည်ကားမြဲတည်း။ ပစ္စည်းဂုဏ်လည်း ရှိမည်၊ အကမ်းအလှမ်းလည်း ပါဦးမည် ဆိုလျှင် ထိုမသာသည် ရှုချင်ပွဲတမျှ ပရိသတ်အင်အား တောင့်တင်းတတ်သည်။

ထိုဂုဏ်နှစ်ဝနှင့် ပြည့်စုံသော မသာတစ်လောင်းသည် အသင့်အတင့်ကြီးသော မြို့တစ်ခု၏ တပ်ဗိုလ်ပါနှင့် ချီတက်သွားလေ၏။

လူသွားလူလာ ခေါင်းပါးသော သချိုင်းလမ်းပေါ်၌ ထုထည်ကြီးမားလှသော မသာပို့ပရိသတ်အား မော်တော်ယာဉ်၊ လှည်း၊ ရထား မထိမခိုက်မိစိမ့်သောငှာ မိမိဘာသာ မိမိ တာဝန်ချထားသော လမ်းပြနှစ်ဦးသည် စက္ကူစိမ်း ရွှေပြားတု၊ ငွေပြားတု၊ ပန်းစက္ကူကြိုးလိမ်တို့ဖြင့် အဆန်းတကြယ် ခြယ်လှယ်ထားအပ်သော မော်တော်ကားရှေ့ဝယ် ခရီးထောက်လျက်ရှိ၏။

မသာ၏နောက်ဝယ် အသက် ၁၇ နှစ်သာသာ မိန်းကလေးတစ်ယောက်သည် ရှိုက်ကြီးတငင် ငိုယိုလိုက်ပါလာ၏။ ဖွံ့ဖွံ့ငိုကြွေးမှသာ မသာပို့ပရိသတ်၏ ကရုဏာကို တဖွဖွ ထိုးဆွပေးပေမည်။ သို့မှသာ မသာပီသမည်ဟူသော ဗမာ့ထုံးတမ်းအစဉ်အလာအတိုင်း ဇာတ်ငိုငိုကာ လိုက်ပါလာဟန်တူသည်။

မိန်းမကြီးကြီးတစ်ယောက်က နံဘေးမှ "မောမယ်၊ မောမယ် သတိထားလေ" ဟု ပြောတိုင်း ထိုမိန်းကလေးသည် ရှိုက်ကာရှိုက်ကာ တဟီးဟီး ဝမ်းနည်းပန်းကြီးငို၏။ "သတိထားမှပေါ့ သူဌေးကတော်" ဟု ဆိုလိုက်တိုင်း ထိုမိန်းကလေးသည် ကျွန်းသေတ္တာခေါင်းထဲတွင် အစန့်သား ပါသွားသော အသက် ၆၀ တွင် ၈ နှစ်မျှသာ စွန်းရှာသေးသည့် သူဌေးဆိုသူကို အောက်မေ့ပြီးရင်း အောက်မေ့ကာ ဆူညံစွာ ငိုပြန်၏။

သုသာန်ရောက်ခါနီး မိုန်းတစ်ပစ်အကွာခန့်ရောက်မှ တစ်လမ်းလုံး သွတ်ကယ်သွတ်ကယ် သူဌေးကတော်ငိုသည်ကို အများဗိုလ်ပါ ကောင်းစွာကြားစေဖို့ အလိုက်သိစွာ ရပ်ဆိုင်းထားရဟန်တူသော ဆိုင်းဆရာတို့သည် အတိုးဖြင့် တီးမှုတ်ကြလေ၏။

ဆိုင်းတီးလေလေ ၁၇ နှစ်အရွယ် သူဌေးကတော်၏ အသည်းကလီစာကြားမှ ငိုကြောကြီးကို ထိလေလေဖြစ်ပြီး ဟစ်ကာအော်ကာ ငိုလေလေဖြစ်၏။ နွားနဖားကြိုး သဏ္ဌာန် စီတန်းလျက် မသာရှင်ကပေးသော ဆိုက်ကားတပ်နှင့် လိုက်ပါသူတို့မှာလည်း စကားပြောမပျက် လိုက်ပါလျက် ရှိကြ၏။

အသံစာစာနှင့် နှုတ်ခမ်းပါး၊ လျှာပါးအခေါကြီးမှာ ဆိုက်ကားနောက်ရှိ သူ့အဖော်ကို ကျောချင်းအပ်ကာ စကားပြောရသည်ကို အားမရလှသဖြင့် ကိုယ်ကိုလိမ်ကာ ပြောရှာ၏။

"ခမျာ ငယ်ငယ်ရွယ်ရွယ် မုဆိုးမဖြစ်ရှာပြီနော်"

"အို- ဒါမှ နောက်ထပ်ယောက်ျားယူကောင်းတာပေါ့အေ"

"အဲဒီလိုဆိုရင် သူ့ယောက်ျားအဘိုးကြီး ဘယ်လောက် သချိုင်းထဲက ထလာချင်မလဲ"

www.burmeseclassic.com

www.burmeseclassic.com



"အို–သေပျော်ပါပြီ၊ ဒီလောက် နုနုထွတ်ထွတ် ကလေးနဲ့ ခံစားစံစားသွားရမင့်ဟာ။ နွားတွေ၊ ဝက်တွေ သတ်ဖို့ လိုင်စင်ဆွဲပြီးချမ်းသာတဲ့ပစ္စည်းတွေကို ကောင်မ ကလေး ထိုင်ဖြုန်းပေါ့"

"အခု ရန်ကုန်မှာ ဆံပင်ကောက်တာ ခေတ်စားနေ သတဲ့အေ။ တစ်ခါကောက်ရင် နှစ်ကျပ်ပေးရဆိုပဲ"

ဤသည်ကား မသာပရိသတ်၏ အသုဘရှုစကား များတည်း။

ဇရပ်သို့ ရောက်လေပြီ။ ထုံးစံအတိုင်း ခေါင်းကို ဇရပ် ပေါ်သို့ တင်ကြ၏။

မသာပို့ လက်ဆောင်အိတ်များ ရကြပြီးနောက် လူသံခြေသံ၊ စကားသံအကြားမှ စက္ကူသံများ ချွတ်ချွတ် ချက်ချက် ကြားရလေ၏။ အချို့က ဒန်ရေခွက်နှင့် ဆန်း လိုက်ဆပ်ပြာတစ်ခဲကို နှာခေါင်းရှုံ့၍ ကြည့်ကြ၏။ စိတ်ထဲ တွင် လိုက်ပို့ရသည့် ကရိကထနှင့် ရသောလက်ဆောင်မှာ အမြတ်ထွက်မထွက် တွက်နေကြဟန်တူ၏။

"အမလေး ကိုကိုသော်ရဲ့၊ နွဲ့ကိုချစ်တယ်ဆိုပြီး နွဲ့ ကို ဒီလိုပဲ ထားပစ်ခဲ့တော့မလား ကိုကိုသော်ရဲ့။ ကိုကို– ကိုကိုသော်၊ အမိုက်မမိနွဲ့ကို ဘယ်လိုစိတ်ချပြီး ထားခဲ့ရ တာလဲ ကိုကိုရဲ့"

ကိုကိုခေါ်သံကြားတိုင်း မသာပို့လူငယ်တွေက ပြုံး ကြ၏။ သို့သော် လက်ထဲက ဒန်ခွက်နှင့် ဆပ်ပြာခဲမျက်နှာ ကြောင့် ကြာရှည်မပြုံးကြချေ။

"အစတုန်းကတော့ နွဲ့ကို ဘယ်တော့မှ မခွဲဘူးဆို၊ ခုတော့ စိမ်းကားလို့ ပစ်သွားပြီလား ကိုကိုသော်ရဲ့။ နွဲ့ မေးတာ ထပြီး ဖြေပါဦး"

ငိုသံ၊ တရားဟောသံ ပွမ်းကာ တရားဟောပြီးသွား ၏။ နွဲ့ဆိုသော သူဌေးကတော်သည် ထ၍ မသာခေါင်းကို ပွေ့မည်ပြုသဖြင့် မိန်းမကြီးက နံဘေးမှ ပွေ့ကာ တားထား ရ၏။

"မယူရဘူး၊ ဟင်း... ဟီး ဟီး ဖယ်၊ မယူရဘူး၊ ကိုကိုနဲ့ ဖက်သေမယ်၊ အမလေး ကိုကိုသော်ရဲ့ နွဲ့ကို မခွဲ ဘူးဆို"

တစ်ချက်မျှ အသက်ပြင်းပြင်း ဆတ်ခနဲရှူကာ ပက် လက်လှန်ချလိုက်၏။ မေ့သွားလေရော့သလားမသိ။ မိန်းမ ကြီးက ပြေး၍ပွေ့ထား၏။ "ကွမ်းရွက်ပေးပါ၊ နှာပေးပါ၊ အော်ဒီကလုံး ပေးပါ"နှင့် ဗျာများနေ၏။ ကွမ်းရွက်ကို ချေ ပွတ်ကာ ရှူစေ၏။ သတိမရသေး၊ နှာရှာကြ၏။ မတွေ့၊ နောက်မှ နံဘေး၌ ဝိုင်းအုံနေသော လူစုထဲမှ ပျာပျာသလဲ ဖြစ်နေသည့် မျက်နှာ ပေါင်ဒါဖွေးနေသော ယောက်ျားပျို တစ်ယောက်က လက်ကိုင်ပဝါ ထုတ်ပေး၏။ နှာခေါင်းနှင့် ကပ်လိုက်သည်နှင့်တစ်ပြိုင်နက် မျက်စိပေကလပ် ပေက လပ်ဖွင့်ပြီး ယောက်ျားပျို၏ မျက်နှာကို ဖျတ်ခနဲကြည့်ပြီး ပြန်ပိတ်သွား၏။ သူဌေးကတော်လည်း သိသည်၊ ယောက်ျားပျိုလည်း သိသည်။

တွင်းထဲသို့ ခေါင်းချမည်ပြုသောအခါ သူဌေး ကတော်လည်း သည်းထန်စွာ ငိုကြွေးပြန်၏။ တွင်းထဲသို့ ကျသောအခါ တွင်းထဲသို့ ဆင်းမည်ပြု၏။ အတင်းဆွဲ ထားကြရလေ၏။

"မဆွဲကြပါနဲ့၊ ဟီး ဟီး၊ အမယ်လေး ကိုကိုသော် ရဲ့၊ လူစိမ်းကားကြီးရဲ့။ ငှက်ဖြစ်တောင် တစ်ကိုင်းတည်း နားမယ်ဆိုတဲ့ လူကြီးရဲ့"

ထိုအခိုက်တွင် ဆိုင်းသံများ ကြားရလေ၏။ ငွေ ကြေးရတတ်သူ၊ မျက်နှာရှိသူ၏ မယားဖြစ်သောကြောင့် မိတ်ဆွေများက ဆိုင်းနှစ်ဆိုင်းကူကြ၏။ တစ်ဆိုင်းက မျောက်မင်းအူသံ တီး၏။ ကြားရသူပရိသတ်၏ ရင်ဘတ် ကို ဖနောင့်ဖြင့် ဆောင့်လိုက်သကဲ့သို့ နင့်ခနဲ အင့်ခနဲဖြစ် ကာ မျက်စိတွေ ပူစပ်စပ်ဖြစ်လာ၏။ ထိုအခါ အခြားတစ် ဆိုင်းက အားကျမခံ တီးပြန်၏။ 'ယောက်ျားလေးမြင်ရင်' ဆိုသော တီးလုံးဖြစ်၏။ အညွှံမခံ တစ်ဖက်မှ 'တူနှစ်ကိုယ်' ကို တီးလေ၏။ ထို့နောက် ရွှေပြောင်ပြောင်တီးလုံးကို သုသာန်သို ကြွရောက်ချီးမြှင့်ကြသော ပရိသတ်တို့ နား သောတ ပန်ဆင်ကြရ၏။ အရှုံးမပေးလိုသော ပြိုင်ဘက် တီးဝိုင်းက အပိတ်သဘောဖြင့် 'ဘုရားဂုဏ်တော်မြှင့်' တီး လေ၏။ ထိုအခါ 'ရည်းစားဓားပြ' ကို တစ်ဖက်မှ ဖျက်တီး တီးလေရာ သုသာန်တစပြင်သည် တစ်မုဟုတ်ချင်း ရန်ကုန် တရုတ်ကုန်စုံဆိုင်အပိုင်းကဲ့သို့ ဖြစ်သွား၏။

ရုတ်ခြည်း တစ်ဖက်မှ အသံရပ်သွားကာ နဲ့များ၊ ဆိုင်းများကိုချပြီး နောင်ကျိန်ကြလေ၏။

"ဟဲ့ ဟဲ့ လုပ်ကြပါဦးဟ၊ ဆွဲကြပါ။ လွန်မယ် လွန် မယ်" ဆိုသော အော်သံများနှင့် မရှေးမနှောင်းပင် ရိုက်ကြ၊ နက်ကြ၊ ထိုးကြလေ၏။

BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com



သူဌေးကတော်လည်း တွင်းအနီးမှ လျှင်မြန်စွာ ခွာ၍ လက်ကိုင်ပဝါရှင် ယောကျ်ားပျိုဆီသို့ သွားမည်ပြုပြီးမှ ရပ်တန့်နေ၏။

အများက ဝိုင်း၍ဖြန်ဖြေသောကြောင့် "ဟော့ သိမယ်ကွ၊ အနောက်ပိုင်းသားတဲ့၊ အကြောင်းပြမယ် မှတ်ထား" ဆိုသံများ၊ "အံမာ ကြောက်တယ်ထင်လို့လား၊ ထွက်ခဲ့ရဲရင်" ဟု ပြန်အော်သံများဖြင့် ဆိုင်းသမား ရန်ပွဲ ရပ်စဲသွားလေ၏။

BURMESE CLASSIC .com

မြန်မာသည် စိတ်ထက်သောလူမျိုးဖြစ်သည်။ စိတ်ထက်သည့်နည်းတူ ဓားလည်းထက်သည်။ ရန်ပွဲမည်ကာမတ္တကို လက်သီးဖြင့် မဆုံးဖြတ်၊ ဓားဖြင့် ဆုံးဖြတ်တတ်သည်။

ဟုတ်မှန်လှ၏။ ယခု ထိုသချိုင်းသို့ပင် အလောင်းတစ်လောင်း စက်ဘီးနှစ်စီး စီး၍ လာနေပြီ မဟုတ်ပါလား။

ထိုမသာသည် ကြီးမားလှစွာသော သတ္တိဓရာမနှင့် မှောင်ရိပ်မှချောင်းကာ ဓားမြှောင်ဖြင့် ထိုးလိုက်ရာ လူများ၍ အထိုးခံရသဖြင့် သေရရှာသော မသာဖြစ်သည်။

ထိုမသာသည် လိုက်ပို့သူ လူတစ်ကျိပ်ခန့်ရှိ၏။ ဆိုင်းမပါ၊ ဗုံမပါ၊ ဆိုက်ကားမပါ၊ ရှေ့ဆောင်ခရီးထောက်မရှိ၊ အကာမ်းအလှမ်း တောင်းကြီးလည်းမပါ။ နေပူကျဲကျဲတွင် ဖြည်းညှင်းငြိမ်သက်စွာ ကုန်းကြောင်းချီလာကြ၏။ တိတ်လည်း တိတ်ဆိတ်၏။ သူတို့မျက်နှာသည် တင်းမာလှ၏။ သို့သော် ထိုတင်းမာသော မျက်နှာထားအောက်တွင် အဘယ်မျှ အပူမီးတောက်လောင်လျက်နေသနည်း။

စက်ဘီး ၂ စီးနောက်မှ လိုက်လာသော အမေအိုသည် ဟာစ်၍မငို၊ အော်၍မရှိုက်။ ကျလာသော မျက်ရည်စကိုသာ တဘက်စွန်းဖြင့် သုတ်ကာ သုတ်ကာ သိမ်းရှာသည်။

သချိုင်းကုန်းဆီသို့ နီးကပ်လာလေပြီ။

လမ်းမတွင် မြက်စားနေသော ဆိတ်တို့သည် စားနေရာမှ ခေါင်းထောင်၍ ကြည့်ကြ၏။ ငြိမ်သက်လှ၏။ မသာနှင့်တကွ လိုက်ပါသူပရိသတ်တို့သည်လည်း သချိုင်းဇရပ်သို့ ဖြည်းညှင်းစွာ ရှေးရှုသွားကြလေသတည်း။

❖

www.burmeseclassic.com